Australian Electoral Commission

Burmese / မြန်မာ

# 2025 ခုနှစ် နိုင်ငံတစ်ဝန်း ရွေးကောက်ပွဲဆိုင်ရာ **သင့်အတွက် တရားဝင် လမ်းညွှန်။**

## 2025 ခုနှစ် မေလ 3 ရက် စနေနေ့

**မဲ မပေးဘဲမနေရ ဖြစ်ပါသည်။**

အသက် ၁၈ နှစ်နှင့် ၎င်းအထက်အရွယ် ရှိကြသည့် ဩစတြေးလျား နိုင်ငံသားများ




**သင့်မဲသည် ဩစတြေးလျားနိုင်ငံကို ပုံဖော်ပေးရာ၌ အထောက်အကူပြုပါလိမ့်မည်။**

# ရွေးကောက်ပွဲ ကော်မရှင် ယာယီဥက္ကဋ္ဌထံမှ **အမှာစာ**

ဤလမ်းညွှန်တွင် သတင်းရင်းမြစ်များကို စစ်ဆေးနည်းနှင့် သင့်မဲကို ရေတွက်ခံရပြီး အကျိုးရှိနိုင်စေပုံနှင့် သက်ဆိုင်ရာ အကြံပြုချက်များရှိကာ၊ မဲရုံတွင် ဖြစ်ပျက်မှုများကို ရှင်းပြထားပြီး မကြာခဏ မေးလေ့ရှိသည့် မေးခွန်းများကို ဖြေကြားထားပါသည်။

ရွေးကောက်ပွဲနေ့၌ နိုင်ငံတစ်ဝန်းတွင် မဲရုံများကို ဖွင့်လှစ်ပေးထားမည်ဖြစ်သလို လူမှုအသိုက်အဝန်းများ၏ အကြံပြုချက်များကို လက်ခံပေးမည့် အခြား မဲပေးပုံစံများလည်း ရှိပါလိမ့်မည်။

ကျွန်ုပ်တို့သည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် သင့်မဲစာရွက်ကို ပုံနှိပ်ခြင်းမှအစ ရေတွက်ခြင်းအဆုံး၊ သင့်မဲကို လုံခြုံမှုရှိစေရန် အတွက် အာမခံကာ ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကို **သမာဓိရှိရှိ** လုပ်ဆောင်ပေးမည်ဖြစ်သည်ကို သင်စိတ်ချနေနိုင်ပါသည်။

ထင်မြင်ချက်များကို စိတ်ဝင်တစား ဖလှယ်ကြခြင်းမှာ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး သင်ရရှိသမျှ သတင်းအချက်အလက်များ အားလုံးကို ဂရုတစိုက် စဉ်းစားသုံးသပ်ရန်၊ အထူးသဖြင့် ကျွန်ုပ်တို့၏ ကောင်းမွန်စွာ စီမံထားသော ရွေးကောက်ပွဲ လုပ်ငန်းစဉ်အပေါ် သံသယရှိစေမည့် မည်သည့် အကြောင်းတစ်စုံတစ်ရာကိုမဆို အထူးသတိထားရန် ကျွန်ုပ်တိုက်တွန်းအပ်ပါသည်။

**သင်ကြားသိသမျှသည် ယုံကြည်စိတ်ချရပြီး သိရှိလွယ်သော အရင်းအမြစ်မှ ဖြစ်သလားဟု သင့်ကိုသင် ပြန်မေးပါ။** ထိုသို့မဟုတ်က သင်သတိထားရန် ကျွန်ုပ်အကြံပြုအပ်ပါသည်။

သင်မဲရုံသို့ သွားရောက်သောအခါ၊ မဲပေးခြင်း လုပ်ငန်းစဉ်အတွက် သင့်အား ကူညီရန်ရှိနေသော ကျွန်ုပ်တို့၏ဝန်ထမ်းများသည် သာမန် သြစတြေးလျနိုင်ငံသားများသာဖြစ်ကြောင်း ကျေးဇူးပြု၍ သတိချပ်ပါ။

ဤရွေးကောက်ပွဲ၌ သင်ပြောဆိုခွင့်ရှိနိုင်ပုံဆိုင်ရာ နောက်ထပ်အချက်အလက်များကို သိရှိရန် **aec.gov.au** တွင်ကြည့်ပါ။

**Jeff Pope**
ယာယီရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ။

ရွေးကောက်ပွဲ မဲစာရင်းတွင်၊ မဲပေးရန် လိုအပ်ချက် ပြည့်မီသည့် မဲဆန္ဒရှင်များ **97%** ထက်ပိုသည်

မဲရုံပေါင်း၊ **7,000** ကျော်

စောစီးစွာ မဲထည့်နိုင်သောဌာနများ၊ **500** ကျော်

ရွေးကောက်ပွဲ ယာယီလုပ်သားများ၊ **100,000** ကျော်

---

# ရပ်တန့်ပြီးနောက် စဉ်းစားပါ။

## လာမည့် တစ်နိုင်ငံလုံး ရွေးကောက်ပွဲဆိုင်ရာ ရင်းမြစ်ကို စစ်ဆေးပါ။

ရွေးကောက်ပွဲကာလအတွင်း သင် မဲထည့်ခြင်းအပေါ် ကြိုးစားသြဇာလွှမ်းမိုးရန် သတင်းအချက်အလက် အလွန်များပြားစွာကို ပုံစံထုတ်ကာ ဖြန့်ဝေကြပါသည်။

ကွဲပြားခြားနားသောအရင်းအမြစ်များမှ သတင်းအချက်အလက်များသည် ဒီမိုကရေစီ လုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်ပိုင်းတစ်ခုဖြစ်သည်။ ၎င်းမှာ မဲဆန္ဒရှင်များအား ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများနှင့် အခြားသူများက မိမိတို့၏ မူဝါဒများနှင့် ယုံကြည်ချက်များကို ဆက်သွယ်ကာ အကြောင်းကြားသော နည်းတစ်ခုဖြစ်သည်။




သို့ရာတွင် အချို့သော သတင်းအချက်အလက်မှာ တမင် သတင်းမှားပေးခြင်း သို့မဟုတ် အထင်မှားစေခြင်း ဖြစ်နိုင်ပါသည်။ သင် မြင်တွေ့ရာ၊ ကြားသိရာ သို့မဟုတ် ဖတ်ရှုရာ တစ်နိုင်ငံလုံး ရွေးကောက်ပွဲ အကြောင်းတို့ကို သေချာစွာ စဉ်းစားသုံးသပ်ရန် အရေးကြီးပါသည်။

အောက်ပါတို့ကို အချိန်ယူ စဉ်းစားသုံးသပ်ပါ။

- **ဘယ်နေရာက** အချက်အလက်များ ဖြစ်သလဲ။ ၎င်းသည် ယုံကြည်စိတ်ချရသော သတင်းမီဒီယာလောကကလား သို့မဟုတ် တရားဝင် လူမှုမီဒီယာ စာရင်းတစ်ခုမှလား။
- **ဘယ်တုံးက** ထုတ်ဝေခဲ့သော အချက်အလက်များလဲ။ တိကျမှုမရှိတော့သော အချက်အလက်ဟောင်းများကို သတင်းအချက်အလက်အသစ်များကဲ့သို့ ပေါ်လွင်စေရန် မျှဝေနိုင်ပါသည်။
- သင်မသေချာပါက **စစ်ဆေးပါ။** လူ့ဉာဏ်ရည်ကို ကွန်ပျူတာဖြင့် စီစဉ်တုပမှု (Artificial Intelligence) အရ မဲပေးခြင်း လုပ်ငန်းစဉ်နှင့် ပတ်သက်သော သတင်း အမှားများကို ဖန်တီးရန် ပိုမိုလွယ်ကူစေနိုင်သည်။

နိုင်ငံလုံးတစ်ဝန်း ရွေးကောက်ပွဲ လုပ်ငန်းစဉ်နှင့် ပတ်သက်၍ သင်မသေချာသော တစ်စုံတစ်ရာကို တွေ့ပါက AEC ကိုမေးမြန်းပါ။ လူထုမီဒီယာနှင့် အွန်လိုင်းပေါ်တွင် သင်တွေ့မြင်ရသော အချက်အလက်များမှာ အထူးအရေးကြီးပါသည်။ နောက်ထပ်အချက်အလက်များနှင့် အထောက်အကူပြုမည့် အကြံပြုချက်များပါရှိသော ဗီဒီယိုတိုများကို အောက်ပါတွင် ကြည့်ပါ။
**aec.gov.au/stopandconsider**

# ရွေးကောက်ပွဲနေ့မှာ 2025 ခုနှစ် မေလ 3 ရက်၊ စနေနေ့ဖြစ်သည်။

## မဲရုံများ နံနက် 8 နာရီတွင် ဖွင့်ပြီး ညနေ 6 နာရီတိတိ တွင် ပိတ်မည်ဖြစ်ပါသည်။

နိုင်ငံတစ်ဝန်း ရွေးကောက်ပွဲ ကျင်းပပေးခြင်းအားဖြင့် မဲဆန္ဒရှင်များသည် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တွင် မိမိတို့၏ အမြင်များနှင့် အကျိုးစီးပွားများကို ကိုယ်စားပြုရန်အတွက် လွှတ်တော်အမတ်များကို ရွေးချယ်နိုင်သည်။ ဤနေရာတွင် မဲပေးခြင်းနှင့်ပတ်သက်၍ သိထားသင့်သည့်အချက်များရှိပါသည်။

### မည်သူတွေ မဲပေးရမလဲ။

အသက် ၁၈ နှစ်နှင့် ၎င်းအထက်အရွယ်ရှိကြသည့် ဩစတြေးလျားနိုင်ငံသားများအားလုံး နိုင်ငံတစ်ဝန်း ရွေးကောက်ပွဲအတွက် မဖြစ်မနေ အမည်စာရင်း သွင်းပြီး မဲပေးရပါမည်။

### ကျွန်ုပ် ဘယ်နေရာမှာ မဲပေးရမလဲ။

ရွေးကောက်ပွဲနေ့တွင် သင်၏ ပြည်နယ် သို့မဟုတ် ဒေသ အတွင်းရှိသော မည်သည့် မဲရုံတွင်မဆို သင် မဲပေးနိုင်ပါသည်။ မဲရုံများကို နံနက် 8 နာရီမှ ညနေ 6 နာရီအထိ ဖွင့်ထားပါသည်။

မဲရုံများသည် အများအားဖြင့် ဒေသခံကျောင်းများ၊ ဘုရားကျောင်းများ၊ လူမှုအဖွဲ့အစည်း ခန်းမဆောင်များနှင့် အစိုးရရုံးများတွင်ဖြစ်သည်။

သင်နှင့် အနီးဆုံးတည်ရှိရာ မဲရုံကို ရှာရန် **aec.gov.au/where** ၌ကြည့်ပါ။

### ကျွန်ုပ်အကူအညီလိုလျှင်ကော။

သင့်တွင် သွားလာလှုပ်ရှားရန် အခက်အခဲရှိလျှင် သို့မဟုတ် မသန်စွမ်းလျှင် သို့မဟုတ် ထိုကဲ့သို့သော သူများအား သင် ကြည့်ရှုစောင့်ရှောက်နေလျှင် မဲရုံနေရာများသို့ အလွယ်တကူ ဝင်ရောက်နိုင်မှု၏ အသေးစိတ်ကို **aec.gov.au/where** တွင်ကြည့်ပါ။

မျက်စိကွယ်နေသော သို့မဟုတ် ကောင်းမွန်စွာ မမြင်နိုင်ကြသော မဲဆန္ဒရှင်များအား အထောက်အကူပြုပေးနိုင်သည့် မဲပေးနိုင်ရာနည်းလမ်းများရှိပါသည်။ **aec.gov.au/assistance** ၌ကြည့်ပါ သို့မဟုတ် **13 23 26** ကို ဖုန်းဆက်ပါ။

### ကျွန်ုပ် အခြားပြည်နယ် သို့မဟုတ် နယ်မြေဒေသတွင် ရှိနေလျှင်ကော။

အကယ်၍သင်သည် ရွေးကောက်ပွဲနေ့တွင် ပြည်နယ်ခြားပြီး နောက်တစ်နေရာတွင် ရောက်ရှိနေမည်ဖြစ်ပါက၊ သင်သည် သတ်မှတ်ထားသော ပြည်နယ်ခြား မဲရုံ၌ မဲပေးနိုင်ပါသည် သို့မဟုတ် စောစီးစွာ မဲထည့်နိုင်သော နည်းလမ်းများကို ထည့်သွင်းစဉ်းစားပါ။

### ရွေးကောက်ပွဲနေ့တွင် ကျွန်ုပ် မဲမပေးနိုင်လျှင်ကော။

အကယ်၍သင်သည် ရွေးကောက်ပွဲနေ့တွင် မဲရုံတစ်ခုခုသို့ မသွားနိုင်ခဲ့လျှင်၊ သင့်၌ လူကိုယ်တိုင် သို့မဟုတ် စာတိုက်မှတဆင့်၊ စောစီးစွာ မဲပေးခွင့် ရှိကောင်းရှိနိုင်ပါမည်။

### လူကိုယ်တိုင် စောစီးစွာ မဲပေးနည်း။

သင့်တွင် လိုအပ်ချက်ပြည့်မီမှုရှိလျှင် ရွေးကောက်ပွဲနေ့ မတိုင်မီ သင် မဲပေးနိုင်ပါသည်။ စောစီးစွာ မဲထည့်နိုင်သော ဌာနများ **ဧပြီလ 22 ရက်နေ့၊ 2025 ခုနှစ် အင်္ဂါနေ့** တွင် စတင်ဖွင့်လှစ်မည်။ ဖွင့်လှစ်မည့် ရက်စွဲများနှင့် အချိန်များ ကွာခြားလိမ့်မည်ဖြစ်သောကြောင့် စောစီးစွာ မဲထည့်နိုင်သော ဌာနတစ်ခုစီ၏ အချက်အလက်များ အသေးစိတ်ကို စစ်ကြည့်ရန် **aec.gov.au/where** ၌ကြည့်ပါ။

စောစီးစွာ မဲထည့်ခြင်းနှင့် လိုအပ်ချက်ပြည့်မီမှု ရှိ၊မရှိဆိုင်ရာ နောက်ထပ် အချက်အလက်များကို သိရှိရန် **aec.gov.au/early** ၌ကြည့်ပါ သို့မဟုတ် **13 23 26** ကို ဖုန်းဆက်ပါ။

### စာတိုက်မှတဆင့် စောစီးစွာ မဲပေးနည်း။

လိုအပ်ချက် ပြည့်မီသော မဲဆန္ဒရှင်များ စာတိုက်မှတဆင့် မဲထည့်နိုင်ပါသည်။ သင့်၌ မဲထည့်ရန် လိုအပ်ချက် ပြည့်မီမှုရှိ၊မရှိ ဖော်ထုတ်ပြီး အွန်လိုင်းအရ လျှောက်ထားရန် **aec.gov.au/pva** တွင် ကြည့်ပါ။

AEC သည် လျှောက်လွှာများကို ဗုဒ္ဓဟူးနေ့ ညနေ **6 နာရီထက် နောက်မကျစေဘဲ 2025 ခုနှစ် ဧပြီလ 30 ရက်နေ့၊** အမီ လက်ခံရရှိရမည် ဖြစ်သည်။



သင် အင်တာနက်ကို မချိတ်ဆက်နိုင်၍ စာတိုက်မှတဆင့် မဲထည့်နိုင်ရန် လျှောက်ထားလိုလျှင် **13 23 26** ကို ဖုန်းဆက်ပါ။

နိုင်ငံရေးပါတီ သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ခုခုထံမှ စာတိုက်မဲလျှောက်လွှာကို သင်လက်ခံရရှိနိုင်ပါသည်။ ဤလျှောက်လွှာများကို အိမ်ထောင်စုများသို့ ပေးပို့ရန် တတိယ အဖွဲ့အစည်းများအား ခွင့်ပြုထားသော်လည်း ၎င်းတို့ကို သင် မဖြစ်မနေ အသုံးပြုရန် မလိုအပ်ပါ။ စာတိုက်မဲထုပ်အတွက် AEC သို့ သင်တိုက်ရိုက် လျှောက်ထားနိုင်ပါသည်။

### ကျွန်ုပ်မည်သည့် မဲဆန္ဒနယ်ကလဲ။

သင်နေထိုင်သော မဲဆန္ဒနယ်ကို **aec.gov.au/electorate** ၌ စစ်ဆေးကြည့်နိုင်ပါသည်။

ပြန်လည် ခွဲဝေ သတ်မှတ်မှု အကျိုးဆက်ကြောင့် လွန်ခဲ့သည့် နိုင်ငံတစ်ဝန်း ရွေးကောက်ပွဲအချိန်က ရှိခဲ့သော သင်၏ မဲဆန္ဒနယ်၏ အမည် သို့မဟုတ် နယ်နိမိတ်များ ယခု ပြောင်းလဲကောင်း ပြောင်းလဲသွားနိုင်ဖွယ်ရှိမည်။ ဆိုလိုသည်မှာ သင်သည် အခြားမဲဆန္ဒနယ်တွင် မဲပေးရန် လိုအပ်မည်၊ သို့မဟုတ် သင်သွားနေကျ မဲရုံသည် အခြား မဲဆန္ဒနယ်တွင် ရှိကောင်းရှိနိုင်မည်။

### သင် မည်သူအား မဲထည့်လိုသည်မှာ သင့် ဆုံးဖြတ်ချက်သာ ဖြစ်ပါသည်။

သင်မဲပေးပုံသည် သင့်ဆုံးဖြတ်ချက်သာဖြစ်သည်။ မဲရုံပြင်ပ၌ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များသည် သင့်အား ‘မည်ကဲ့သို့ မဲပေးရမည်’ ကတ်ပြားများကို ပေးရန် ကမ်းလှမ်းပေးနိုင်ဖွယ်ရှိပြီး၊ သီးသန့်နည်းတစ်ခုခု အရ မဲပေးရန် အကြံပြုနိုင်ဖွယ်ရှိမည်။ သင့်အနေနှင့် ယင်း‘မည်ကဲ့သို့ မဲပေးရမည်’ ကတ်ပြားများကို လက်ခံရန် သို့မဟုတ် ၎င်းအတိုင်း လိုက်နာရန် မလိုပါ။

အခြားမေးစရာများရှိပါသလား။
**aec.gov.au/faqs** ၌ကြည့်ပါ။

# **မဲရုံ၌** ဘာဖြစ်မည်လဲ။

သင်မဲရုံသို့ရောက်ရှိလာသောအခါ မဲရုံအရာရှိက သင့်အမည်အပြည့်အစုံနှင့် နေရပ်လိပ်စာအပြည့်အစုံနှင့် 2025 ရွေးကောက်ပွဲတွင် မဲထည့်ပြီး ဟုတ်၊မဟုတ်ကို မေးမြန်းမည်ဖြစ်ပါသည်။

- သင့်အမည်ကို ရွေးကောက်ပွဲမဲ စာရင်းတွင် အမှတ်ခြစ်လိုက်ပါလိမ့်မည်။
- သင့်အား အောက်လွှတ်တော်အတွက် မဲစာရွက်နှင့် အထက်လွှတ်တော်အတွက် မဲစာရွက်ကို ထုတ်ပေးမည်ဖြစ်သည်။
- သင့်မဲစာရွက်ပေါ်ရှိ ညွှန်ကြားချက်များကို မှန်ကန်စွာဖြည့်စွက်ရန် သို့မဟုတ် မဲရုံအရာရှိတစ်ဦးဦးထံ အကူအညီတောင်းပါ။
- သင့်မဲစာရွက်များကို ဖြည့်စွက်ပြီးနောက် မဲပုံးထဲတွင် ထည့်ပါ။
- အကယ်၍ သင်သည် AEC ခဲတံကို အသုံးပြုပြီးပါက အထွက်လမ်းရှိ ဗူးထဲတွင် ထည့်ပါ။

တစ်ကိုယ်ရေ သန့်ရှင်းမှု ရှိရန် အားပေးပြီး လက်သန့်ဆေးရည်ကိုလည်း ထားပေးမည်ဖြစ်ပါသည်။

## **သင့်အား ကူညီရန် ကျွန်ုပ်တို့၏ ဝန်ထမ်းများ ရှိနေပါသည်။** ကျေးဇူးပြု၍ လေးစားကြပါ။




# **သင်၏ မဲကို ရေတွက်ခံရပြီး အကျိုးရှိနိုင်**စေပုံ

သင့်အား မဲစာရွက်နှစ်ခု ပေးပါလိမ့်မည်။ အစိမ်းရောင် စာရွက်အသေးမှာ အောက်လွှတ်တော်အတွက်ဖြစ်ပြီး၊ အဖြူရောင် စာရက်အကြီးမှာ အထက်လွှတ်တော်အတွက် ဖြစ်သည်။ **သင်သည် မဲစာရွက် နှစ်ခုလုံးကို မဖြစ်မနေ ပြီးပြည့်အောင် ဖြည့်စွက်ရပါမည်။** မဲစာရွက် အစိမ်းရောင်၌ သင်သည် အောက်လွှတ်တော်အတွက် သင့်ဒေသခံအရပ် သို့မဟုတ် မဲဆန္ဒနယ်မှ ကိုယ်စားလှယ် တစ်ဦးအား မဲပေးနေခြင်းဖြစ်ပါသည်။ မဲစာရွက် အဖြူရောင်၌ သင်သည် ဥပဒေပြု အထက်လွှတ်တော် အတွက် သင့်ပြည်နယ် သို့မဟုတ် ဒေသမှ ကိုယ်စားလှယ် များအား မဲပေးနေခြင်းဖြစ်ပါသည်။

## **အောက်လွှတ်တော်**

မဲစာရွက် အစိမ်းရောင်၌ သင် ရွေးချယ်လိုရာ အစဉ်လိုက်အတိုင်း **ကွက်လပ်တိုင်းတွင် နံပါတ်ကို မဖြစ်မနေ တပ်**ရပါမည်။ သင်ပထမရွေးချယ်မည့်သူအတွက် နံပါတ် ‘1’ ကို ကွက်လပ်တွင် ရေးသွင်းပါ၊ သင်၏ ဒုတိယရွေးချယ်မှုအတွက် ‘2’ စသည်အားဖြင့် ကွက်လပ်များအားလုံး ကုန်အောင် နံပါတ်များရေးသွင်းပါ။




နမူနာ မဲစာရွက်။

သင်သည် AEC ဝက်ဘ်ဆိုက်တွင် မဲပေးနည်းကို လေ့ကျင့်နိုင်ခြင်းကို သိပါသလား။ **aec.gov.au/practise** ၌ကြည့်ပါ။

## ဥပဒေပြု အထက်လွှတ်တော် (Senate)။


မဲစာရွက် အဖြူရောင်၌ သင် ရွေးချယ် နိုင်သော မဲပေးနည်း နှစ်မျိုးနှစ်စားရှိပါသည်။

**နှစ်ခုအနက် မှ တစ်ခု၊**

### မျဉ်းကြောင်း၏ အထက်၊

အကယ်၍သင်သည် မျဉ်းကြောင်းအထက်၌ မဲပေးရန် ရွေးချယ်လျှင်၊ သင်သည် **ကွက်လပ် အနည်းဆုံး 6 ခုကို** နံပါတ်တပ်ရန် လိုအပ်ပါမည်။

သင် ပထမ ရွေးချယ်လိုသော အဖွဲ့အစည်း သို့မဟုတ် အစု၏ ကွက်လပ်၌ နံပါတ် '1' ကို ဖြည့်သွင်းပါ၊ ထို့နောက် သင့် ဒုတိယ ရွေးချယ်မှုအတွက် နံပါတ် '2'၊ စသည်အားဖြင့် ကွက်လပ် အနည်းဆုံး 6 ခုကို အစဉ်လိုက် ဖြည့်သွင်းပါ။ သင်သည် ထိုကဲ့သို့အားဖြင့် နံပါတ်များကို မျဉ်းကြောင်းအထက်ရှိ ကွက်လပ်များ၌ သင် ရွေးချယ်လိုရာ အစဉ်လိုက်အတိုင်း ကြိုက်သလောက် ဆက်လက်ဖြည့်သွင်းသွားနိုင်ပါသည်။





နမူနာ မဲစာရွက်။

**သို့မဟုတ်၊**

### မျဉ်းကြောင်း၏ အောက်။

အကယ်၍သင်သည် မျဉ်းကြောင်းအောက်၌ မဲပေးရန် ရွေးချယ်လျှင်၊ သင်သည် သင့်အကြိုက် အစဉ်လိုက်အတိုင်း ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီအတွက် နံပါတ် 1 မှ 12 အထိ၊ **ကွက်လပ် အနည်းဆုံး 12 ခုကို နံပါတ်တပ်ရန်** လိုအပ်ပါသည်။ သင်သည် ထိုသို့လုပ်ခြင်းအားဖြင့် နံပါတ်များကို မျဉ်းကြောင်းအောက်ရှိ ကွက်လပ်များ၌ သင် ရွေးချယ်လိုရာ အစဉ်လိုက်အတိုင်း ကြိုက်သလောက် ဆက်လက်ဖြည့်သွင်းသွားနိုင်ပါသည်။




နမူနာ မဲစာရွက်။

**အကယ်၍သင်သည် အမှားအယွင်းပြုမိပါက စိတ်မပူပါနှင့်။**

သင် နောက်ထပ် မဲစာရွက်တစ်ခုကို တောင်းပြီး မဲကို ပြန်ထည့်နိုင်ပါသည်။

# 2025 ခုနှစ် နိုင်ငံတစ်ဝန်း ရွေးကောက်ပွဲဆိုင်ရာ **သင့်အတွက် တရားဝင် လမ်းညွှန်။**

## 2025 ခုနှစ် မေလ 3 ရက် စနေနေ့

## ဤလမ်းညွှန်ကို ရရှိနိုင်သော **အခြားပုံစံများ။**

### ရရှိနိုင်သော အချက်အလက်များ။

မျက်မမြင် သို့မဟုတ် အမြင်အာရုံချို့တဲ့သော မဲဆန္ဒရှင်များအတွက် ဤတရားဝင်လမ်းညွှန်ချက်ကို AEC ဝက်ဘ်ဆိုဒ် **aec.gov.au/assistance** တွင် ပုံနှိပ်စာအကြီး၊ အီး-စာတိုနှင့် အသံဖိုင်များဖြင့် ရနိုင်ပါသည်။

ဤပုံစံများအပြင် Braille (မျက်မမြင်စာ) ကိုလည်း **13 23 26** သို့ ဖုန်းဆက်၍ တောင်းဆိုနိုင်ပါသည်။

အကယ်၍သင်သည် နားမကြားသူဖြစ်လျှင်၊ နားလေးနေလျှင်၊ ကျွန်ုပ်တို့အား National Relay Service (အမျိုးသား ထပ်ဆင့်လွှင့် ဝန်ဆောင်မှု အဖွဲ့အစည်း) မှ တဆင့်ဆက်သွယ်ပါ။ သင်နှစ်သက်သော ဖုန်းလိုင်းကို အသုံးပြုပြီး NRS ကို ကျွန်ုပ်တို့၏နံပါတ် **13 23 26** ကိုပေးပါ။

Auslan (လက်ဟန်ခြေဟန်ပြ) စကားပြန် ဝန်ဆောင်မှုလည်း ရှိနေပါလိမ့်မည်။ နောက်ထပ်သတင်းအချက်အလက်များကိုသိရန် AEC ၏ ဝက်ဘ်ဆိုက်တွင်ကြည့်ပါ။




### အခြားဘာသာစကားများဖြင့် သိကောင်းစရာ အချက်အလက်များ။

ဘာသာပြန်ထားသော ဤလမ်းညွှန်ကို ဘာသာစကားပေါင်း 34 မျိုးဖြင့် **aec.gov.au/translated** ဝက်ဘ်ဆိုက်မှ ဒေါင်းလို့ဒ် လုပ်ယူနိုင်ပါသည်။

တယ်လီဖုန်းဖြင့် စကားပြန် ဝန်ဆောင်မှုကိုလည်း ရရှိနိုင်ပါသည်။ မဲထည့်ခြင်းနှင့် ရွေးကောက်ပွဲတို့နှင့် ပတ်သက်သည့် သိကောင်းစရာ အချက်အလက်များကို သိရှိရန် **1300 290 617** ကို ဖုန်းဆက်ပြီး မြန်မာဘာသာစကားကို တောင်းဆိုပါ။

အသက် 18 နှစ်နှင့် ၎င်းအထက်အရွယ်ရှိကြသည့် ဩစတြေးလျားနိုင်ငံသားများအားလုံး မဲ မပေးဘဲမနေရ ဖြစ်ပါသည်။ အကယ်၍ သင် မဲမပေးပါက သင့်အား တရားစွဲနိုင်ဖွယ်ရှိမည်။ တစ်ကြိမ်ထက်ပိုပြီး မဲပေးခြင်းသည် ရာဇဝတ်မှုဖြစ်ပါသည်။



10 Mort Street, Canberra ရှိ ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌက တရားဝင် ခွင့်ပြုသည်။
Authorised by the Electoral Commissioner, 10 Mort Street, Canberra